# နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များပါဝင်သော ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံ

# အရှိုချင်းအမျိုးသားပါတီ

# ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်း

**နိဒါန်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိသော ချင်းလူမျိုးအုပ်စုမှ အရှိုချင်းမျိုးနွယ်စုဝင် တိုင်းရင်းသားများသည် မကွေးတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ရခိုင်ပြည်နယ်များတွင် ပြန့်နှံ့နေထိုင်လျက်ရှိကြပါသည်။ အရှိုချင်းမျိုးနွယ်စုများသည် အထက်ဖော်ပြပါ ပြည်နယ်နှင့်တိုင်း အသီးသီးရှိ မြို့နယ်များအတွင်း လူနည်းစုအဖြစ် နေထိုင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုသို့ လူနည်းစုဖြင့် လည်းကောင်း၊ ကိုယ်ပိုင်နယ်မြေ သတ်သတ်မှတ်မှတ်မရှိသည့်အတွက်လည်းကောင်း အရှိုချင်းတို့၏ ယဉ်ကျေးမှု၊ စာပေနှင့် ဘာသာစကားများ တိမ်မြုပ်ပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး လူမျိုးနွယ်စုပါ ပျောက်ကွယ်သွားနိုင်သည်အထိ စိုးရိမ်ဖွယ် အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်ပါသည်။

ဤအန္တရာယ်အခြေအနေများမှ အရှိုချင်းမျိုးနွယ်စုဝင်များအား ကယ်တင်၊ ကာကွယ်စောင့်ရှောက်နိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပသော ပါတီစုံ ရွေးကောက်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းသည် မိမိတို့အတွက် လုပ်ကိုင်ဆောင်ရွက်နိုင်မည့် အခွင့်အရေး တစ်ရပ်ဖြစ်သည်ဟု ခံယူပါသည်။

ဤခံယူချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် အရှိုချင်းအမျိုးသားများအားလုံးကို ခြုံငုံကိုယ်စားပြုမည့် “အရှိုချင်းအမျိုးသားပါတီ”ကို ၁၄. ၅. ၂၀၁၂ တွင် ရန်ကုန်မြို့၌ စတင်ဖွဲ့စည်းတည်ထောင်ပါသည်။

## အခန်း ( ၁ )

## အမည်နာမ

ပုဒ်မ ၁ ။ ဤပါတီ၏ အမည်သည် “အရှိုချင်းအမျိုးသားပါတီ”၊ အတိုကောက်ဖြင့် အေစီအင်န်ပီ၊ အင်္ဂလိပ်ဘာသာဖြင့် Asho Chin National Party ၊ အတိုကောက်ဖြင့် ACNP ဟု ခေါ်သည်။

## အခန်း (၂ )

## ဦးတည်ချက်

ပုဒ်မ ၂ ။ အရှိုချင်းတိုင်းရင်းသားများ၏ အမွေအနှစ်ဖြစ်သော ရေမြေတောတောင်၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ၊ လူမျိုး တိမ်ကောပျောက်ကွယ် ဆုံးရှုံးနစ်နာခြင်းမှ ကာကွယ်နိုင်ရေး၊ စစ်မှန်သော ပြည်ထောင်စု ဒီမိုကရေစီစနစ် ပီပြင်စွာ ပေါ်ပေါက်လာရေးနှင့် ၎င်းမှတစ်ဆင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်။

## အခန်း (၃ )

## ရည်ရွယ်ချက်

ပုဒ်မ ၃ ။ မိမိအရှိုချင်းတိုင်းရင်းသားရေးရာကိစ္စများတွင် မိမိတို့က ပိုမို တာဝန်ယူ ဆောင်ရွက်နိုင်ရေး။

ပုဒ်မ ၄ ။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး စသည်များတွင် ဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချ နိုင်ရေး။

ပုဒ်မ ၅ ။ အနာဂတ် နိုင်ငံတော် ဦးဆောင်မှု အခန်းကဏ္ဍများတွင် အရှိုချင်းတိုင်းရင်သားများ ပိုမိုပါဝင်လုပ်ဆောင်နိုင်ရေး။

ပုဒ်မ ၆ ။ အရှိုချင်းတိုင်းရင်းသား လူ့အဖွဲ့အစည်းအတွင်းတွင် အသင်းအဖွဲ့ ဖွဲ့စည်းခွင့် ပိုမိုရရှိနိုင်ရေးနှင့် NGO, INGO, UN အဖွဲ့အစည်းများ ပိုမိုဝင်ရောက်နိုင်ရေး။

ပုဒ်မ ၇ ။ နိုင်ငံတကာအတွက် ပြဋ္ဌာန်းထားသော လူ့အခွင့်အရေး ကြေညာစာတမ်းကို အခြေခံသော လူ့အခွင့်အရေးများ လူသားတိုင်း အပြည့်အဝရရှိနိုင်ရေး။

ပုဒ်မ ၈ ။ ပြည်သူနှင့်ဝန်ထမ်းများ စားဝတ်နေရေး ပိုမိုချောင်လည်ရေး၊ လူအခွင့်အရေး ချိုးဖေါက်မှုနှင့် အကျင့်ပျက်ချစားမှုများကို ဥပဒေဘောင်အတွင်းမှ အမြစ်ပြတ် တိုက်ဖျက်နိုင်ရေး။

ပုဒ်မ ၉ ။ အရှိုချင်း လူမှုဖွံ့ဖြိုးရေးအတွက် ဦးတည်ဆောင်ရွက်ရေး။

ပုဒ်မ ၁၀ ။ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားတိုင်း တန်းတူရည်တူ အခွင့်အရေးရရှိရေး။

ပုဒ်မ ၁၁ ။ အရှိုချင်းအမျိုးသား/သမီးတိုင်း ပါတီဝင်ဖြစ်ရေး။

## အခန်း ( ၄ )
## သံနိဋ္ဌါန်

ပုဒ်မ ၁၂ ။ အရှိုချင်းအမျိုးသားပါတီသည် -

(က) ချင်းလူမျိုးအပေါ် သစ္စာရှိပါမည်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဦးထိပ်ထားပါမည်။

(ဂ) ပါတီအရေးထက် အမျိုးသားရေးကို ဦးထိပ်ထားပါမည်။

ပုဒ်မ ၁၃ ။ ပါတီ၏မူဝါဒ

(က) နိုင်ငံရေးတွင် စစ်မှန်သောဒီမိုကရေစီ စနစ်ကျင့်သုံးရန်။

(ခ) စီးပွားရေးတွင် စစ်မှန်သော ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရန်။

ပုဒ်မ ၁၄ ။ နိုင်ငံရေးပါတီအချင်းချင်း ဆက်ဆံရာတွင် -

(၁) ပါတီချင်း အတိုက်အခံအမြင်မရှိပါ။

(၂) ပြည်ထောင်စုအကျိုးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သော သဘောထား အမြင်ထားရှိသည်။

ပုဒ်မ ၁၅ ။ မဲဆန္ဒနယ်လူထုအတွက် ပါတီ၏ သဘောထားများ

(၁) မဲဆန္ဒနယ်တစ်ခုတွင် အရှိုချင်းလူမျိုးများ ရှိသလို အတူနေဒေသခံ အခြားတိုင်းရင်းသားများလည်း ရှိပါသည်။

(၂) အရှိုချင်း အမျိုးသားပါတီသည် မဲဆန္ဒနယ်အတွင်းရှိ တိုင်းရင်းသားအားလုံးတို့၏ အကျိုးကို ဦးတည်ဆောင်ရွက်မည်။

## အခန်း ( ၅ )

## ပါတီဖွဲ့စည်းပုံ (Organization Structure)




ပုဒ်မ ၁၆ ။ ဤပါတီကို အထွေထွေညီလာခံ၊ ဗဟိုအမှုဆောင်အဖွဲ့၊ မြို့နယ်အထွေထွေ အစည်းအဝေး၊ မြို့နယ်အမှုဆောင်အဖွဲ့၊ ကျေးရွာအဖွဲ့ ဟူ၍ အဆင့်ဆင့်ခွဲ၍ ဖွဲ့စည်းရသည်။

ပုဒ်မ ၁၇ ။ ရုံးဝန်ထမ်းများမှအပ ပါတီ အမှုဆောင်အဖွဲ့နှင့် ပါတီအမှုဆောင်အဖွဲ့ဝင်အားလုံး၏ သက်တမ်းသည် ၅နှစ် ဖြစ်သည်။

## အခန်း ( ၆ )

## အထွေထွေညီလာခံ (General Assembly)

ပုဒ်မ ၁၈ ။ အထွေထွေညီလာခံသည် ပါတီ၏ အမြင့်ဆုံးအာဏာပိုင်ဖြစ်ပါသည်။

ပုဒ်မ ၁၉ ။ အထွေထွေညီလာခံကို ၅ နှစ်တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

ပုဒ်မ ၂၀ ။ ကြားကာလတွင် အရေးပေါ် အစည်းအဝေးကို ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဗဟိုဌာနချုပ်မှ တစ်လကြိုတင် အကြောင်းကြားခြင်းဖြင့် ခေါ်ယူကျင်းပနိုင်သည်။

ပုဒ်မ ၂၁ ။ အထွေထွေညီလာခံတွင် အောက်ပါပုဂ္ဂိုလ်များ တက်ရောက်နိုင်ပါသည်။

(က) ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြို့နယ်အမှုဆောင်အဖွဲ့ဝင်များနှင့် ကျေးရွာအမှုဆောင်အဖွဲ့မှ ဥက္ကဋ္ဌများ၊

(ခ) ဗဟိုနှင့် မြို့နယ်အသီးသီးမှ Department တာဝန်ခံများ၊

(ဂ) ဌာနချုပ်မှ အထူးဖိတ်ခေါ်သည့်သည်တော်အဖြစ် ပါတီဝင်အတွင်းမှဖြစ်စေ၊ ပါတီဝင်မဟုတ်သူများမှဖြစ်စေ ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ။

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

ပုဒ်မ ၂၂ ။ (က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ထဲမှ ဗဟိုပါတီဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး နှင့် ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကို အမည်စာရင်းတင်သွင်း၍ ရွေးချယ်ရမည်။ ၎င်းအပြင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ပြင်ပမှ ပါတီဝင်တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် ရွေးချယ်နိုင်သည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် Department အသီးသီးမှ ၅ နှစ်တာ လုပ်ငန်းနှင့် ဘဏ္ဍာရေး အစီရင်ခံစာကို ပါတီညီလာခံတိုင်းတွင် ကြားနာစစ်ဆေးရမည်။

(ဂ) ငါးနှစ်တာ လုပ်ငန်းအပေါ် သုံးသပ်ခြင်းနှင့် လာမည့်သက်တမ်းသစ်အတွက် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ရာတွင် ထည့်သွင်းရမည့် အချက်အလက်များကို ဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ရမည်။

**အခန်း ( ၇ )**

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (CEC)**

ပုဒ်မ ၂၃ ။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို မြို့နယ်အမှုဆောင်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူး များနှင့် အထွေထွေညီလာခံမှ ပုဒ်မ ၂၂(က)အရ ရွေးချယ်ထားသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

ပုဒ်မ ၂၄ ။ ဗဟို Department များမှ ဦးဆောင်တာဝန်ခံ အသီးသီးသည် CEC တွင် အဖွဲ့ဝင်အဖြစ် အလိုအလျောက် ပါဝင်ကြသည်ဟု မှတ်ယူရမည်။

**တာဝန်နှင့် လုပ်ပိုင်ခွင့်**

ပုဒ်မ ၂၅ ။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် -

(က) သာမန်အားဖြင့် အထွေထွေညီလာခံတစ်ခုနှင့် တစ်ခုအကြားကို တာဝန်ခံပါသည်။

(ခ) ပုံမှန်အစည်းအဝေးကို တစ်နှစ်တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ဂ) အရေးပေါ်အစည်းအဝေးခေါ်ယူရန် လိုအပ်ပါက ဥက္ကဋ္ဌမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် သုံးပုံတစ်ပုံသဘောတူညီချက်ဖြင့် နှစ်ပတ်ကြိုတင် အကြောင်းကြားခြင်းဖြင့် ခေါ်ယူနိုင်ပါသည်။

(ဃ) အထွေထွေ ညီလာခံမှ ချမှတ်ပေးသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များကို မဟာဗျူဟာ ချမှတ် အကောင်အထည်ဖော်ရမည်။

(င) ဗဟို Department များနှင့် မြို့နယ် အလုပ်အမှုဆောင်များ၏ လုပ်ငန်းနှင့် ငွေစာရင်း အစီရင်ခံစာများကို ကြားနာပြီး အရေးယူဆောင်ရွက်ရမည်။

(စ) ပါတီကိုယ်စား တခြားပါတီများ၊ အစိုးရများ၊ တခြားအဖွဲ့အစည်းများနှင့် ဆက်ဆံရေး ကိစ္စကို ဤဗဟိုအမှုဆောင်အဖွဲ့ကသာ တာဝန်ယူဆောင်ရွက်ခွင့်ရှိသည်။

(ဆ) ပါတီဒေသတစ်ခု၏ စည်းရုံးရေး၊ ညှိနှိုင်းပေါင်းစပ်ရေးလုပ်ငန်းများအတွက် ဗဟိုအမှုဆောင် အဖွဲ့ဝင်များထဲမှ တာဝန်ခံတစ်ဦး ရွေးချယ် တာဝန်ပေးရမည်။

## အခန်း ( ၈ )

## ဌာနချုပ် (Headquarters)

ပုဒ်မ ၂၆ ။ ပါတီဌာနချုပ်ကို ရန်ကုန်မြို့တွင် အခြေချရုံးစိုက်ရမည်။

ပုဒ်မ ၂၇ ။ CEC အစည်းအဝေးများကို ဌာနချုပ်တွင် ကျင်းပရမည်။

## အခန်း ( ၉ )

## မြို့နယ်အထွေထွေအစည်းအဝေး

ပုဒ်မ ၂၈ ။ မြို့နယ်အထွေထွေအစည်းအဝေးသည် မိမိမြို့နယ် ပါတီအတွင်း အမြင့်ဆုံးသော အာဏာပိုင်ဖြစ်သည်။

ပုဒ်မ ၂၉ ။ မြို့နယ်အထွေထွေညီလာခံတွင် အောက်ပါပုဂ္ဂိုလ်များတက်ရောက်နိုင်သည်။

(က) မြို့နယ်အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ကျေးရွာအမှုဆောင်အဖွဲ့ဝင်များ

(ခ) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့မှ အထူးဖိတ်ကြားသည့်အဖြစ် ပါတီဝင်အတွင်းမှဖြစ်စေ၊ ပါတီပြင်ပမှ ဖြစ်စေ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ။

ပုဒ်မ ၃၀ ။ မြို့နယ် အထွေထွေ အစည်းအဝေးသည် -

(က) ၅ နှစ် တစ်ကြိမ်ကျင်းပရမည်။

(ခ) ကြားကာလတွင် အရေးပေါ် အစည်းအဝေးခေါ်လိုပါက မြို့နယ်ပါတီ ဥက္ကဋ္ဌမှ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင် သုံးပုံတစ်ပုံခွင့်ပြုချက်ဖြင့် တစ်လကြိုတင် အကြောင်းကြားခြင်းဖြင့် ခေါ်ယူနိုင်ပါသည်။

ပုဒ်မ ၃၁ ။ တာဝန်နှင့်လုပ်ပိုင်ခွင့်များ -

(က) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးများ၊ ငွေစာရင်းစစ်များ၊ မြို့နယ် Department တာဝန်ခံများ ရွေးချယ်ရမည်။

(ခ) မိမိမြို့နယ် မဲဆန္ဒနယ်မြေအတွင်း ပါတီကိုယ်စား ဝင်ရောက်အရွေးခံမည့်အမတ်လောင်းများ ရွေးချယ် တင်မြှောက်ရမည်။

## အခန်း ( ၁၀ )

## မြို့နယ်အလုပ်အမှုဆောင်အဖွဲ့

ပုဒ်မ ၃၂ ။ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ကို ပုဂ္ဂိုလ် (၂၁)ဦးဖြင့် ကျေးရွာအလုပ်အမှုဆောင်အဖွဲ့ အသီးသီးမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများနှင့် မြို့နယ်အထွေထွေအစည်းအဝေးမှ ပုဒ်မ (၂၉) (က) အရ ရွေးချယ်ထားသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

### တာဝန်နှင့်လုပ်ပိုင်ခွင့်များ

ပုဒ်မ ၃၃ ။ (က) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ်အထွေထွေညီလာခံတစ်ခုနှင့် တစ်ခုကြားကို တာဝန်ခံရမည်။

(ခ) အစည်းအဝေးကို တစ်နှစ်တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ဂ) ကြားကာလတွင် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

## **အခန်း ( ၁၁ )**

## **ကျေးရွာအလုပ်အမှုဆောင်ကော်မတီ**

ပုဒ်မ ၃၄ ။ ကျေးရွာအလုပ်အမှုဆောင်အဖွဲ့ကို ၁၁ ဦး မှ ၁၅ ဦးကြားဖြင့် ကျေးရွာအထွေထွေ အစည်းအဝေး၌ တိုက်ရိုက် ရွေးချယ်ရမည်။

ပိုဒ်မ ၃၅ ။ ကျေးရွာအလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းသည် ၅ နှစ်ဖြစ်သည်။

## **အခန်း ( ၁၂ )**

## **ဥက္ကဋ္ဌ (Chairman)**

ပုဒ်မ ၃၆ ။ ဥက္ကဋ္ဌသည် ပါတီတွင် အမြင့်ဆုံး ရာထူးနှင့် တာဝန်ရှိပုဂ္ဂိုလ်ဖြစ်ပါသည်။
(မှတ်ချက် ။ ဤနေရာတွင် ဥက္ကဋ္ဌသည် ဗဟို၊ မြို့နယ်၊ ကျေးရွာစသည့် အဆင့်ဆင့်သော အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌများအားလုံးအတွက် အကျုံးဝင်သည်။)

ပိုဒ်မ ၃၇ ။ ဥက္ကဋ္ဌကို အမှုဆောင်အဖွဲ့အတွင်းမှ ရွေးချယ်ခန့်အပ်နိုင်သည်။

### **တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

ပုဒ်မ ၃၈ ။ ဥက္ကဋ္ဌသည် -

(က) ပါတီအစည်းအဝေးတိုင်းတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ခ) အရေးကြီးကိစ္စများတွင် လိုအပ်သလို ချက်ချင်းတာဝန်ယူဆောင်ရွက်ခွင့်ရှိသော်လည်း အမှုဆောင်အဖွဲ့တွင် အစီရင်ခံတင်ပြရမည်။

(ဂ) အစည်းအဝေးတက်ရောက်သူများအကြား သဘောထားကွဲလွဲသူဦးရေ တူညီပါက (သို့မဟုတ်) ဆန္ဒမဲပေးရာတွင် ထောက်ခံသူနှင့် ကန့်ကွက်သူ ဦးရေတူညီပါက ဥက္ကဋ္ဌမှ ဆုံးဖြတ်မဲ ပေးနိုင်သည်။

### **ဒု-ဥက္ကဋ္ဌ**

ပုဒ်မ ၃၉ ။ ဒု-ဥက္ကဋ္ဌသည်

(က) ဥက္ကဋ္ဌမှ ပေးအပ်သော တာဝန်များကို ဥက္ကဋ္ဌ ကိုယ်စား ဆောင်ရွက်ရမည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် ဥက္ကဋ္ဌနေရာ လစ်လပ်သည့်ကာလတွင် ဥက္ကဋ္ဌနေရာတွင် တာဝန်ယူ ဆောင်ရွက်ရမည်။

## အခန်း ( ၁၃ )

## အတွင်းရေးမှူး/အထွေထွေအတွင်းရေးမှူး

ပုဒ်မ ၄၀ ။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အဆင့်တွင် အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူး-၁၊ အတွင်းရေးမှူး-၂ ဟု သုံးနှုန်း၍ ကျန်အလုပ်အမှုဆောင်အဖွဲ့များတွင် မြို့နယ်ပါတီအတွင်းရေးမှူး၊ ကျေးရွာပါတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး(၁)၊ (၂) ဟူ၍ သုံးနှုန်းရမည်။

ပုဒ်မ ၄၁ ။ အတွင်းရေးမှူး/အထွေထွေအတွင်းရေးမှူးများသည် -

(က) ပါတီ၏ အဆင့်ဆင့်သောလုပ်ငန်းတာဝန်အားလုံးကို စည်းမျဉ်းစည်းကမ်းနှင့်အညီ အနီးကပ် လမ်းညွှန်မှုပြုရမည်။

(ခ) ပါတီအစည်းအဝေးတိုင်းတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးဆုံးဖြတ်ချက်များကို မှတ်တမ်းတင် ထိန်းသိမ်းရမည်။

(ဂ) အဖွဲ့ချုပ်ပိုင်ပစ္စည်း၊ ငွေကြေးနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ပါတီနာမည်ဖြင့် မှတ်ပုံတင် ထိန်းသိမ်းရမည်။

(ဃ) အစည်းအဝေးများကို ဥက္ကဋ္ဌ ခွင့်ပြုချက်ဖြင့် ခေါ်ယူကျင်းပရမည်။

### တွဲဘက်အတွင်းရေးမှူးများ

ပုဒ်မ ၄၂ ။ (က) အတွင်းရေးမှူး/အထွေထွေအတွင်းရေးမှူးက ပေးအပ်သော ပါတီလုပ်ငန်းတာဝန်များကို ကူညီဆောင်ရွက်ရမည်။

(ခ) အတွင်းရေးမှူး/အထွေထွေအတွင်းရေးမှူး နေရာလစ်လပ်သည့် ကာလများတွင် ၄င်းနေရာတွင် တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း ( ၁၄ )

## ဌာနများ ( Department)

ပုဒ်မ ၄၃ ။ Department များကို -

(က) ပုံနှိပ်ဖြန့်ချီရေး၊ သတင်းပြန်ကြားရေး၊ စည်းရုံးရေး၊ ဘဏ္ဍာရေး၊ ရန်ပုံငွေရှာဖွေရေး စသည်များဖြင့် ဖွဲ့စည်းရန်၊

(ခ) နောက်ထပ် ကဏ္ဍထပ်မံ တိုးချဲ့လိုပါက ဗဟိုအမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်ပါသည်။

ပုဒ်မ ၄၄ ။ အတွင်းရေးမှူးများသည် Department အသီးသီးကို အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ လမ်းညွှန်မှုပေးရမည်။

ပုဒ်မ ၄၅ ။ အဆင့်ဆင့်သော Department များမှ တာဝန်ခံနှင့် အဖွဲ့ဝင်များကို သက်ဆိုင်ရာ အမှုဆောင်အဖွဲ့များက အမှုဆောင်အဖွဲ့ဝင်အထဲမှ သော်လည်းကောင်း၊ အမှုဆောင်အဖွဲ့ပြင်ပမှသော်လည်းကောင်း အများဆန္ဒဖြင့် ရွေးချယ်ခန့်အပ်ရမည်။

ပုဒ်မ ၄၆ ။ Department များသည် ဤ charter ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေပဲ မိမိ ဌာနာအတွင်း နည်းဥပဒေရေးဆွဲ၍ စီမံခန့်ခွဲအုပ်ချုပ်ခွင့်ရှိသည်။

## အခန်း ( ၁၅ )

## ဘဏ္ဍာရေးဌာန ( Finance )

ပုဒ်မ ၄၇ ။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးများမှ ပါတီပိုင်ငွေကြေးများကို ပါတီနာမည်ဖြင့် ဘဏ်စာရင်းဖွင့်၍သော်လည်းကောင်း၊ ပါတီနာမည်ဖြင့် စာရင်းဖွင့်၍သော်လည်းကောင်း ဘဏ္ဍာရေးမှူးထံ အပ်နှံထားရမည်။

ပုဒ်မ ၄၈ ။ ဘဏ္ဍာရေးမှူးသည် -

(က) လက်ဝယ်၌ ပါတီငွေကြေးများ အများဆုံး ကျပ် - ၃၀၀,၀၀၀/-သာ ထားရှိခွင့်ရှိသည်။

(ခ) ထိုပမာဏထက်ပိုသော ငွေကြေးကို ဘဏ်တွင် အပ်နှံရမည်။

ပုဒ်မ ၄၉ ။ ဘဏ္ဍာရေးမှူးသည် -

(က) ပါတီ၏ ဝင်ငွေ၊ ထွက်ငွေ၊ လက်ကျန်ငွေနှင့် ပတ်သက်၍ စာရင်းမှတ်တမ်း စာအုပ်များကို ကောင်းမွန်စွာ ထားရှိထိန်းသိမ်းရမည်။

(ခ) ဝင်ငွေ၊ ထွက်ငွေ၊ လက်ကျန်ငွေစာရင်းရှင်းတမ်းကို အမှုဆောင်ကော်မတီအစည်းအဝေးတွင် ပုံမှန်တင်ပြရမည်။

ပုဒ်မ ၅၀ ။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် ပါတီပိုင် ဘဏ္ဍာငွေကို ပါတီအတွက် လိုအပ်သလို အသုံးပြုခွင့်ရှိသော်လည်း ကျပ် - ၁၀၀,၀၀၀/-ထက် များပြားသော ငွေကြေးပမာဏကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာထိန်းတို့၏ ခွင့်ပြုချက်ရယူပြီးမှသာ သုံးစွဲခွင့်ရှိသည်။ ဤသို့သုံးစွဲမှုကို အနီးစပ်ဆုံး အမှုဆောင်အဖွဲ့ အစည်းအဝေး၌ အတည်ပြုချက် ရယူရမည်။

ပုဒ်မ ၅၁ ။ တွဲဘက်ဘဏ္ဍာရေးမှူးသည် ဘဏ္ဍာရေးမှူးတာဝန် မထမ်းဆောင်နိုင်သော ကာလများတွင် ဘဏ္ဍာရေးမှူး တာဝန်ကို ထမ်းဆောင်ရမည်။

## စာရင်းစစ်များ

ပုဒ်မ ၅၂ ။ စာရင်းစစ်များသည် -

(က) ပါတီငွေစာရင်းကို နှစ်စဉ်စစ်ဆေးရမည်။

(ခ) ဘဏ္ဍာရေးနှစ်ကို သတ်မှတ်ရမည်။

(ဂ) ဘဏ္ဍာရေးကော်မတီငွေစာရင်းကို အချိန်မရွေး လွတ်လပ်စွာ စစ်ဆေးနိုင်ပါသည်။

(ဃ) တစ်နှစ်လုံး ဘဏ္ဍာရေးနှစ်ချုပ် အစီရင်ခံစာကို အထွေထွေညီလာခံ/အစည်းအဝေး၌ တင်ပြရမည်။

## အခန်း ( ၁၆ )

## စည်းရုံးရေးဌာန

ပုဒ်မ ၅၃ ။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ချမှတ်ထားသော စည်းရုံးရေးမဟာဗျူဟာအတွက် လိုအပ်သော အသေးစိတ် စည်းရုံးရေး နည်းဗျူဟာများ ချမှတ်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

ပုဒ်မ ၅၄ ။ စေတနာ့ဝန်ထမ်းအဖွဲ့များ (Volunteer Groups) ကို ဒေသသီးသီးတွင် စုဆောင်းဖွဲ့စည်းရမည်။

## အခန်း ( ၁၇ )

## ပြန်ကြားရေးဌာန

ပုဒ်မ ၅၅ ။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ တိုက်ရိုက်ရွေးချယ်ထားသော ပါတီပြောရေးဆိုခွင့်ရှိသူသည် ပြန်ကြားရေးဌာန၏ ဦးဆောင်သူဖြစ်ရမည်။

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

ပုဒ်မ ၅၆ ။ တာဝန်များ -

(က) ပါတီနာမည်ဖြင့် ကြေညာချက်ထုတ်ပြန်ခြင်း၊ စာရေးခြင်းနှင့်

(ခ) အခြားပါတီများ၊ အဖွဲ့အစည်းများ၊ အစိုးရများ၏ သတင်းအချက်အလက်များ မိမိပါတီမှ သိသင့်သိထိုက်သော ကိစ္စများကို ပါတီတာဝန်ရှိသူများထံ အချိန်မီ အကြောင်းကြားခြင်း။

ပုဒ်မ ၅၇ ။ လုပ်ပိုင်ခွင့် -

ပါတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမှ အပ ပါတီ ကိုယ်စားပြောဆိုရေးသား ထုတ်ဖော်ခြင်းကို ဤပြောရေးဆိုခွင့် ရှိသူကသာ တာဝန်ယူဆောင်ရွက်ခွင့်ရှိသည်။

## အခန်း ( ၁၈ )

## ပုံနှိပ်ဖြန့်ချီရေးဌာန

ပုဒ်မ ၅၈ ။ ဗဟိုအမှုဆောင်အဖွဲ့မှ တိုက်ရိုက်ရွေးချယ်ထားသော ပုံနှိပ်ဖြန့်ချီရေး တာဝန်ခံတစ်ဦးနှင့် အယ်ဒီတာ တစ်ဦးမှ ဤဌာနအတွက် လူရွေးကာ ဖွဲ့စည်းရမည်။

ပုဒ်မ ၅၉ ။ တာဝန်များ -

(က) ACNP မှ ထုတ်ဝေမည့် ဝါဒဖြန့် စည်းရုံးရေး (Campaign materials) စာစောင်များ၊ စာရွက်စာတမ်းများ၊ ပါတီဆိုင်းဘုတ် (Sign Board)၊ ပါတီဝင်ကဒ်ပြားများ စသည်တို့ကို တာဝန်ယူဆောင်ရွက်ရမည်။

ပုဒ်မ ၆၀။ စာမူများအားလုံးကို ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူးမှ စိစစ်ပြီးခွင့်ပြုချက်ရရှိပြီးမှသာ ပုံနှိပ်ဖြန့်ချီ ခွင့်ရှိသည်။

## အခန်း ( ၁၉ )

## ရန်ပုံငွေရှာဖွေရေး

ပုဒ်မ ၆၁ ။ ပါတီအတွင်းရေးမှူးမှ ဦးဆောင်၍ ရန်ပုံငွေရှာဖွေရေးအတွက် သီးသန့်ကော်မတီတစ်ခုဖွဲ့ရမည်။

ပုဒ်မ ၆၂ ။ ပါတီဝင်တိုင်း နှစ်စဉ်ကြေးနှင့် လစဉ်ကြေးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ လိုအပ်သလို သတ်မှတ်ကာ ကောက်ခံရမည်။

ပုဒ်မ ၆၃ ။ ပါတီမှ ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်း (Candidate) များကို ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ကြေး (Canditate fee) အဖြစ် မြို့နယ် ပါတီအလုပ်အမှုဆောင်အဖွဲ့မှ လိုအပ်သလို သတ်မှတ် ကောက်ခံခွင့်ရှိသည်။

ပုဒ်မ ၆၄ ။ ရွေးကောက်ပွဲ ရန်ပုံငွေအတွက် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပါတီဝင်ထဲမှသော်လည်းကောင်း၊ ပါတီပြင်ပမှသော်လည်းကောင်း၊ စီးပွားရေးချောင်လည်သော သူများ၊ ဂုဏ်သရေရှိလူကြီးများ၊ ပြည်တွင်းအဖွဲ့အစည်းများထံသို့လည်း အလှူခံခွင့်ရှိသည်။

## အခန်း ( ၂၀ )

## ပါတီစည်းမျဉ်းစည်းကမ်း

ပုဒ်မ ၆၅ ။ ပါတီဝင်များသည်

(က) နိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဥပဒေအရ ပါတီများ၊ ပါတီဝင်များ၊ အမတ်လောင်းများ၊ လိုက်နာရမည့် ဥပဒေနှင့် နည်းဥပဒေများအားလုံးကို တသွေမတိမ်း လိုက်နာရမည်။

(ခ) ပါတီအတွင်းရှိ ဒေသမြို့နယ်ကို အကြောင်းပြု၍ခွဲခြား၊ တိုက်ခိုက်၊ စွပ်စွဲ၊ ပြောဆို၊ လုပ်ဆောင်ခြင်း လုံးဝမပြုရ။

(ဂ) ပါတီ၏ အတွင်းရေးကိစ္စမှန်းသိပါလျက်နှင့် ပါတီပြင်ပသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ သတင်းပေါက်ကြားစေပါက ထိုက်တန်သော အရေးယူခြင်းခံရမည်။

(ဃ) ပါတီနာမည်ဖြင့် အလှူငွေ နှင့်ဆုလာဘ်တောင်းခံခြင်း (သို့) လက်ခံခြင်းလုံးဝခွင့်မပြု။

(င) ပါတီမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ရည်ရွယ်ချက်များ၊ မူဝါဒလမ်းစဉ်များ၊ လမ်းညွှန်ချက်များနှင့် ဆုံးဖြတ်ချက်များကို တသွေမတိမ်းလိုက်နာရမည်။

(စ) ပါတီ၏ နာမည်နှင့် ဂုဏ်သိက္ခာကို သေးသိမ်ညှိုးနွမ်းထိခိုက်စေသည့် အပြုအမူ၊ အပြောအဆို၊ နေထိုင်သွားလာမှု၊ ဝတ်စားဆင်ယင်မှု၊ သောက်စားမူးယစ်မှုများကို ရှောင်ကြဉ်ရမည်။

(ဆ) ပါတီ၏ စည်းလုံးညီညွတ်မှုကို ပြိုကွဲစေမည့် ပြုမူဆောင်ရွက်မှုနှင့် ပြောဆိုမှုများကို ရှောင်ကြဉ်ရမည်။

## အခန်း ( ၂၁ )

## ပါတီဝင်ခြင်းနှင့် ပါတီဝင်အဖြစ်မှ ရပ်စဲခြင်း

ပုဒ်မ ၆၆ ။ ပါတီဝင်ကြေးသည် ကျပ် ၅၀၀/- ဖြစ်သည်။

ပုဒ်မ ၆၇ ။ ပါတီဝင်များသာ -

(က) ပါတီအစည်းအဝေးတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသည်။

(ခ) ပါတီနာမည်ဖြင့် အမတ်နေရာဝင် အရွေးခံ (Candidate) ခွင့်ရှိသည်။

ပုဒ်မ ၆၈ ။ (က) မိမိဆန္ဒသဘောဖြင့် နုတ်ထွက်၍သော်လည်းကောင်း၊ ပါတီအလုပ်အမှုဆောင်အဖွဲ့မှ ထုတ်ပယ်၍ သော်လည်းကောင်း၊ ကွယ်လွန်အနိစ္စရောက်သွား၍သော် လည်းကောင်း၊ ပါတီဝင်အဖြစ်မှ ရပ်စဲ နိုင်သည်။

(ခ) ပါတီဝင်တစ်ဦးသည် အခြားပါတီဝင်တစ်ခုခုတွင် ပါဝင်ခြင်းမရှိရ။ ထို့အတူ အခြားပါတီဝင် တစ်ဦးသည် ဤပါတီ၌ ပါတီဝင်အဖြစ်ပါဝင်ခြင်းကို ခွင့်ပြုမည်မဟုတ်ပါ။ အကယ်၍ မိမိ ပါတီဝင်တစ်ဦးသည် အခြားပါတီတစ်ခုခု၌ ပါတီဝင်အဖြစ်ပါဝင်သည်ကို တွေ့ရှိလျှင်သော် လည်းကောင်း၊ အခြားပါတီဝင်တစ်ဦးဦးသည် မိမိပါတီတွင် ပါတီဝင်အဖြစ် ပါဝင်နေသည်ကို လည်းကောင်း တွေ့ရှိပါက ပါတီဝင်အဖြစ်မှ ရပ်စဲနိုင်သည်။

(ဂ) ထိုသို့ ရပ်စဲပါက ပါတီဝင်ကဒ်ပြားကို ပြန်လည်အပ်နှံရမည်။

## အခန်း ( ၂၂ )

## ဆန္ဒမဲပေးခြင်းနှင့် တာဝန်လွှဲအပ်ခြင်း

ပုဒ်မ ၆၉ ။ ပါတီတွင်း ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနှင့် ပတ်သက်၍ လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးရမည်။

ပုဒ်မ ၇၀ ။ အစည်းအဝေးဆုံးဖြတ်ချက်ချမှတ်ရာတွင် -

(က) အများစု သဘောတူညီခြင်းဖြင့် ဆုံးဖြတ်ချက်ချရမည်။

(ခ) လက်ထောင် စနစ် (သို့မဟုတ်) လျှို့ဝှက်မဲပေးစနစ်ကို အလွန်အရေးကြီးသော (သို့မဟုတ်) သဘောထားအလွန်ကွဲလွဲမှုသာ သဘာပတိ၏ သဘောတူညီချက်ဖြင့် ကျင့်သုံးရမည်။

ပုဒ်မ ၇၁ ။ ပါတီတွင် ရွေးချယ်တင်မြှောက်ခြင်းပြုလုပ်ပြီး (၁၅)ရက်အတွင်း အသစ်ရွေးချယ်ထားသော တာဝန်ရှိ သူများထံသို့ လုပ်ငန်းတာဝန်များကို အသီးသီးလွှဲအပ်ရမည်။

## အခန်း ( ၂၃ )

## ပြင်ဆင်ဖြည့်စွက်ခြင်း ( Amendment )

ပုဒ်မ ၇၂ ။ ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်း (Charter) ကို ပါတီအထွေထွေညီလာခံတွင် အစည်းအဝေး တက်ရောက်သူ ပါတီဝင် ဦးရေ၏ သုံးပုံနှစ်ပုံ ထောက်ခံမဲဖြင့် ပြင်ဆင်ဖြည့်စွက်နိုင်ပါသည်။

## အခန်း ( ၂၄ )

ပုဒ်မ ၇၃ ။ ပါတီ၏အလံ



အလံအရွယ်အစား အလျား ၃ပေခွဲ ၊ အနံ ၂ပေ။

အနက်၊ အနီ နှစ်ရောင်ခြယ်အလံဖြစ်၍ ၊ အလံကို ဤနှစ်ရောင်အားဖြင့် အလျားလိုက် သုံးပိုင်းပိုင်းထားပါသည်။ အလယ်တည့်တည့်၌ အောက်ချင်းငှက်ဦးခေါင်းနှင့် ကိုယ်တစ်ဝက် ဖော်ပြ ပါရှိသည်။

အပေါ်ဆုံးအပိုင်းနှင့် အောက်ဆုံးပိုင်းမှာ အနက်ရောင်ဖြစ်သည်။

အလယ်ပိုင်းမှာ အနီရောင်ဖြစ်သည်။

အနက်နှင့် အနီနက်ရောင်တို့မှာ အရှိုချင်းအမျိုးသားဝတ်စုံပါ အရောင်များကို ကိုယ်စားပြုသည်။

ပုဒ်မ ၆၈ ။ ပါတီ၏တံဆိပ်

ပါတီအလံပုံစံတွင် အရှိုချင်းအမျိုးသားပါတီ အမည်ဖော်ပြသည့် တံဆိပ်ဖြစ်သည်။




ပုဒ်မ ၆၉ ။ ရုံးတံဆိပ်ကို အချင်း ၁. ၇ လက်မ သတ်မှတ်သည်။




